သင်တို့အနက် တစ်ဦးတစ်ယောက်၏ အိုးခွက်ထဲရှိရေကို ခွေးသောက်ခဲ့လျှင် ထိုခွက်ကို ခုနစ်ကြိမ် ဆေးကြောရမည်

အဗူဟုရိုင်ရဟ် (ရသိွယလ္လာဟုအန်ဟု)က ဆင့်ပြန့်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်   )မိန့်ကြားတော်မူသည်။ သင်တို့အနက် တစ်ဦးတစ်ယောက်၏ အိုးခွက်ထဲရှိရေကို ခွေးသောက်ခဲ့လျှင် ထိုခွက်ကို ခုနစ်ကြိမ် ဆေးကြောရမည်။ မုစ်လင်မ်ကျမ်း၌ « أُولَاهُنَّ بِالتُّرَابِ » "ယင်းခုနစ်ကြိမ်၏ ပထမအကြိမ်ကို မြေကြီးဖြင့်   (ပွတ်တိုက်၍ ဆေးကြောရမည်) ဟုလာရှိသည်။

[صحيح] [متفق عليه]

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်   ))က မိန့်တော်မူသည့်မှာ   - ခွေးသည် ၎င်း၏လျှာဖြင့် ခွက်အတွင်း၌ လျက်ခဲ့ပါက ထိုခွက်ကို ခုနစ်ကြိမ် ဆေးကြောရန် အမိန့်ပေးတော်မူခဲ့သည်။ ယင်း ခုနစ်ကြိမ်အနက် ပထမအကြိမ်ကို မြေကြီးဖြင့် ဆေးကြောပြီးမှ ရေဖြင့် ဆက်လက်ဆေးကြောရမည်။ ဤနည်းအားဖြင့် ၎င်း၏ ညစ်ညမ်းမှုနှင့် ဘေးအန္တရာယ်မှ စင်ကြယ်မှုအပြည့်အဝရရှိနိုင်မည်ဖြစ်သည်။

http://www.sunnah.global/hadeeth/my/show/3143